# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 28, 2019 Volume 22, Number 19


**၂၈.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၃၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၄၆၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၈/ကျပ် |
| CBM Rate | = ၁၅၁၈.၅/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၄.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၅၃.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၅.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၂.၂၀ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၇၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၆၃၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်တွင်းအကယ်ဒမီရွှေဈေး ကျပ်(၃)သောင်းနီးပါးအထိ ဈေးမြင့်တက်၊ ဈေးကွက်အတွင်း ရွှေလက်ကျန်နည်းသဖြင့် အရောင်းအဝယ်နည်းပါးနေဟုဆို




ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပြည်တွင်းအကယ်ဒမီရွှေဈေး ကျပ် (၁၂)သိန်း (၃)သောင်း ဝန်းကျင် ရှိခဲ့ရာမှ ယခုသီတင်းပတ်အစတွင် အခေါက်ရွှေတစ်ကျပ်သား ကျပ် (၁၂) သိန်း (၅) သောင်းအထိ မြင့်တက်သွားကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှသိရသည်။ ကမ္ဘာ့ရွှေ တစ်အောင်စဈေး အမေရိကန်ဒေါ်လာ (၁၅၅၀)ဝန်းကျင်အထိ ဈေးတက်သွားခဲ့ခြင်းကြောင့် ဖြစ်ပြီး ကမ္ဘာ့ရွှေဈေး အတက်/အကျပေါ်မူတည်ပြီး ပြည်တွင်း ဈေးနှုန်းတက်ရခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ဩဂုတ်လ ၂၇ က BETV သို့ ပြောသည်။ အဓိကတော့ ကမ္ဘာ့ရွှေဈေး အတက်အကျပေါ်မူတည်တာပေါ့။ ဗဟိုဘဏ်ကလည်း ဒေါ်လာဈေး (၁၅၁၀)ကျော်ကို ပုံသေထားတဲ့သဘောကြောင့် ပြည်တွင်းဒေါ်လာ ဈေးကလည်း သိပ်ပြီးအတက်အကျမရှိတဲ့အတွက်ကြောင့်မို့လို့ပါဟု ဦးမျိုးမြင့်က ပြောသည်။

ဩဂုတ်လ (၇)ရက်မှ အကယ်ဒမီရွှေတစ်ကျပ်သားလျှင် ကျပ် (၁၂) သိန်းကျော်သို့ စံချိန်တင်မြင့်တက်သွားခဲ့ပြီး ကမ္ဘာ့ရွှေဈေးနှုန်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ (၁၄၈၉)ဝန်းကျင်သို့ ရောက်ရှိခဲ့ကြောင်းသိရသည်။ လက်ရှိမှာ ရွှေတစ်ကျပ်သားလျှင် (၁၂)သိန်း (၅)သောင်းသို့ မြင့်တက်လာခြင်းကြောင့် ရွှေဆိုင်အများစု ကုန်ကြမ်းရရှိလိုမှုဖြင့် အဝယ်များလာသော်လည်း ဈေးကွက်အတွင်း ပစ္စည်းလက်ကျန်နည်းသဖြင့် အရောင်းအဝယ်နည်းပါးနေကြောင်း ဦးမျိုးမြင့်က ဆက်လက်ပြောကြားသည်။ ဦးမျိုးမြင့်က ပစ္စည်းလည်းပြတ်တယ်။ နောက်ပြီးဈေးတက်နေတော့ အရောင်းအဝယ်မကောင်းဘူး။ ရွှေဈေးကငြိမ်နေမှ အရောင်းအဝယ်ဖြစ်တာဟုဆိုသည်။

လက်ရှိ ဩဂုတ်လ ၂၇ ရက်တွင် အခေါက်ရွှေတစ်ကျပ်သား ကျပ် (၁၂၃၈၅၀၀) သို့ရောက်ရှိသွားခဲ့ပြီး ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ (၁၅၂၈) ဖြင့် အရောင်းအဝယ်ပြုလုပ်နေကာ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် (၁၅၁၆) ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**Source:** http://www.betvmyanmar.com/my/news/


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## စင်ကာပူနိုင်ငံကုန်သွယ်မှုဆက်လက်ကျဆင်းနေ

Enterprise Singapore က ၁၆.၈.၂၀၁၉ ရက်နေ့တွင် ထုတ်ပြန်သည့်စာရင်းအရ ၂၀၁၉ ခုနှစ် ဇူလိုင်အတွင်း စင်ကာပူနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ပို့ကုန်ပိုင်းတွင် ၅ ဒသမ ၈ ရာခိုင်နှုန်းနှင့် သွင်းကုန်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရှိရသည်။ ဇူလိုင်လတွင် စင်ကာပူ၏ စက်သုံးဆီမဟုတ်သောပို့ကုန် (လျှပ်စစ်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းမဟုတ်သော အခြားပစ္စည်းများ) သည် အမေရိကန်နိုင်ငံမှလွဲ၍အခြားအဓိက ပို့ကုန်ဈေးကွက်များသို့ လျော့နည်းတင်ပို့နိုင်ခဲ့သည့်အတွက် ၁၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ လျှပ်စစ်ပစ္စည်းပို့ကုန်တွင် အဓိကကျဆင်းခဲ့သည့် ပစ္စည်းအမျိုးအစားများမှာ ICs (–၂၄ ဒသမ ၂ ရာခိုင်နှုန်း)၊ PCs (–၃၅ ဒသမ ၅ ရာခိုင်နှုန်း)နှင့် Disk Media Products (–၂၅ ဒသမ ၃ရာခိုင်နှုန်း)များဖြစ်ပြီး၊ လျှပ်စစ်ပစ္စည်းမဟုတ်သော အခြားပစ္စည်းများတင်ပို့မှုတွင် ဆေးဝါးများ (–၃၂ ဒသမ ၇ ရာခိုင်နှုန်း)၊ အထူးထုတ်စက်ပစ္စည်းများ (၃၁ ဒသမ ၃ ရာခိုင်နှုန်း)နှင့် ဓာတုပစ္စည်း(–၃၀ ဒသမ ၉ ရာခိုင်နှုန်း) အမျိုးအစားများက အဓိက ကျဆင်းခဲ့ပါသည်။ ထို့အပြင် စက်သုံးဆီမဟုတ်သောပစ္စည်းများ၏ Re– export သည် ၀ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အလားတူ စင်ကာပူ၏စက်သုံးဆီပို့ကုန်သည် ဇူလိုင်လတွင် ၇ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ အဓိကအားဖြင့် အင်ဒိုနီးရှား (–၂၇ ဒသမ ၆ ရာခိုင်နှုန်း)၊ မလေးရှား (–၂၀ ဒသမ ၅ ရာခိုင်နှုန်း)နှင့် ဟောင်ကောင် (–၂၇ ဒသမ ၄ ရာခိုင်နှုန်း)နိုင်ငံများသို့ တင်ပို့မှုကျဆင်းခဲ့သည့်အတွက်ဖြစ်ကြောင်းသိရှိရပါသည်။

**Source: Enterprise Singapore, Media Release**

**စီးပွားရေးသံရုံး-စင်ကာပူ**

## မန္တလေးတိုင်းအတွင်း အင်ကြင်းကျောက်များ ပြည်ပသို့တရားဝင်တင်ပို့သည့် ပြည်တွင်းကုမ္ပဏီခြောက်ခုသာကျန်ရှိ



မန္တလေးတိုင်းဒေသကြီးအတွင်း ယခင်က အင်ကြင်းကျောက်များကို ပြည်ပသို့ တရားဝင်တင်ပို့သည့် ပြည်တွင်းကုမ္ပဏီ ၃၀ ကျော် ရှိခဲ့ရာ အင်ကြင်းကျောက်ဈေးကွက်အတွင်း ရောင်းလိုအားနှင့်ဝယ်လိုအား မမျှတသည့်အတွက် လက်ရှိကုမ္ပဏီခြောက်ခုသာရှိတော့ကြောင်း မန္တလေးတိုင်းဒေသကြီး အင်ကြင်းကျောက်လုပ်ငန်းရှင်များအသင်းမှသိရသည်။ မန္တလေးတိုင်းဒေသကြီးမှ အင်ကြင်းကျောက်များကို မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ယင်းကုမ္ပဏီ ခြောက်ခုမှသာ တန်ချိန် ၂၅၀ ပို့ဆောင်ရန်စီစဉ်လျက်ရှိသည်။ အင်ကြင်းကျောက်ဈေးကွက်က တရုတ်ကိုပို့တယ်။ ကျန်တဲ့နေရာမရှိဘူး။ ၁၆ မိုင်ဂိတ်က တစ်ဆင့်သွားတယ်။ မူဆယ်ကျယ်ဂေါင်ကနေပို့ပါတယ်။ ၂၀၁၄ နောက်ပိုင်းကစပြီးတော့ အရောင်းအဝယ်အေးသွားတယ်။ တရားမဝင် ဝင်ထွက်သွားလာတာတွေနဲ့ အဝင်များတော့ တရုတ်ကလည်း ဈေးနှိမ်ဝယ်တာတွေကြောင့် အရင်လိုဈေးမကောင်းလို့ တရားဝင်တင်ပို့တဲ့ကုမ္ပဏီတွေလျော့နည်းသွားတယ်ဟု မန္တလေးတိုင်းဒေသကြီး အင်ကြင်းကျောက်လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးသီဟန်ထွန်းက ပြောဆိုသည်။

အင်ကြင်းကျောက်များမှာ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့မှထွက်ရှိပြီး အရည်အသွေးအကောင်းဆုံးမှာ မန္တလေးတိုင်း မလှိုင်နှင့် နွားထိုးကြီးမြို့နယ်တို့မှထွက်ရှိ၍ မကွေးနှင့်အခြားဒေသများမှ အကြမ်းထည်များထွက်ရှိ ပြီး ဟိုတယ်၊ ပန်းခြံများနှင့်နေအိမ်များ၍ အလှဆင်ကြသည်။ အင်ကြင်းကျောက်တင်ပို့ရေးအတွက် ရောင်းချခြင်း၊ သယ်ယူခြင်း၊ ဝယ်ယူခြင်း လိုင်စင်လျှောက်ခိုင်းထားတယ်။ ခွင့်ပြုမိန့်ပါမစ်ကြေး၊ အဆိုပြုငွေသွင်းခိုင်းထားတယ်။ အဲဒါတွေပြီးရင် ရောင်းချခြင်း၊ သယ်ယူခြင်း လိုင်စင်ထုတ်ပေးမှာပါဟု မန္တလေးတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးဆွေကပြောဆိုသည်။ အင်ကြင်းကျောက်များကို ပြည်တွင်းသယ်ယူခွင့်သာခွင့်ပြုသောကြောင့် ပြည်ပတင်ပို့ရန် တိုင်းသတ္တုတွင်းမှထောက်ခံချက်ဖြင့် စီးပွား/ကူးသန်းဝန်ကြီးဌာနသို့ ပို့ကုန်/သွင်းကုန် လိုင်စင်လျှောက်ထားရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့တင်ပို့မည့် အဆိုပါကုမ္ပဏီခြောက်ခုမှ အင်ကြင်းကျောက်များကို ပြီးခဲ့သည့်ရက်ပိုင်းက တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာနက သွားရောက်စစ်ဆေးခဲ့ကြောင်းသိရသည်။

အဆိုပါ အင်ကြင်းကျောက်များကို ပြည်ပနိုင်ငံအဖြစ် တရုတ်နိုင်ငံတစ်နိုင်ငံတည်းကို ၂၀၁၂ ခုနှစ်ကတည်းက တရားဝင်ခွင့်ပြုထားပြီး နောက်ပိုင်းကာလများတွင် ကုမ္ပဏီမှမဟုတ်ဘဲ တင်ပို့ကြရာမှ ရောင်းလိုအားများပြားလာပြီး တင်ပို့သူအများစုမှာ အချင်းချင်းဈေးနှုန်းထိန်းညှိမှုမရှိခြင်း၊ တရုတ်နိုင်ငံမှလည်း ကျောက်စိမ်းနှင့်တွင်းထွက်များအတွက် ၎င်းတို့နိုင်ငံသားလုပ်ငန်းရှင်များအား ချေးငွေထုတ်ပေးမှုမရှိခြင်းတို့ကြောင့် ၂၀၁၄ ခုနှစ်နောက်ပိုင်း ဈေးကွက်ပျက်လာခဲ့ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/127581.html

## မကွေး၌ မိုးနှမ်းရိတ်သိမ်းစဉ် မိုးအဆက်မပြတ်ရွာသွန်း၊ အထွက်နှုန်းကျဆင်းဖွယ်



မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ မိုးနှမ်းများရိတ်သိမ်းစဉ်ကာလတွင် မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် အထွက်နှုန်းလျော့နည်းကျဆင်းနိုင်ကြောင်း ယမန်နှစ်က မိုးနှမ်းရိတ်သိမ်းချိန်၌ တစ်ဧကပျမ်းမျှ ၁၅တင်း ခန့် ထွက်ရှိခဲ့ကြောင်းသိရသည်။ အခုကာလမှာ မကွေးမြို့နယ်အတွင်းက ကျေးရွာတွေမှာ မိုးနှမ်းတွေ ရိတ်သိမ်းနေကြပါပြီ။ ကျွန်တော်တို့ဒေသမှာက နှမ်းသီးနှံကို နှစ်စဉ်ဩဂုတ်လ ကုန်အပြီးမှာ ထွန်ယက်ပြီး မိုးတစ်မိုးလောက်ရွာပြီဆိုတာနဲ့ မျိုးကြဲစိုက်ကြပါတယ်။ မကွေးမြို့ဝန်းကျင်ဒေသတွေက အင်တိုင်းမြေမျိုးဆိုတော့ သကြံန်အပြီး မိုးမရွာလည်းကြဲစိုက်ကြတယ်။ စောစောစိုက်ပျိုးတော့ စောစော နှမ်းပေါ်တာပေါ့။ ဒါပေမဲ့ အခုလ ရိတ်သိမ်းစဉ်ကာလမှာ မိုးကနေ့တိုင်း ရက်ဆက်ရွာနေ တော့ နှမ်းအထွက်နှုန်းလျော့နည်းမှာကိုစိုးရိမ်မိတယ်ဟု မကွေးမြို့နယ် မကျီးကန်ကျေးရွာနေ နှမ်းစိုက်တောင်သူ ဦးသန်းဌေးကပြောဆိုသည်။

နှမ်းကရိတ်သိမ်းပြီးရင် အခြောက်ခံထားရတယ်။ ငါးရက်ကနေ ခုနစ်ရက်လောက်ထိ အခြောက်ခံထားရတယ်။ အခုတော့ ရိတ်သိမ်းပြီး အခြောက်ခံထားတဲ့နှမ်းတွေ မိုးမမိအောင် မိုးကာတွေနဲ့ အုပ်တာအုပ်၊ မအုပ်နိုင်တာကျ ဒီအတိုင်းပဲ အခြောက်ခံရတာပါပဲ။ ရိတ်သိမ်းပြီး နှမ်းထောင်တွေ အခြောက်ခံချိန်မှာ မိုးမိခဲ့ရင် နှမ်းအထွက်နှုန်းလျော့နည်းနိုင်တယ်။ အဲဒါကြောင့် မနှစ်ကလောက်တော့ အထွက်နှုန်း မကောင်းနိုင်တော့ဘူးဟု ၎င်းကပြောဆိုသည်။မကွေးမြို့ပေါ်တွင် နှမ်းပေါ်စလက်ရှိ ပေါက်စျေးမှာ နှမ်းနက် (စမုန်နက်) တစ်တင်းလျှင် ကျပ် ၉၄၀၀၀၊ နှမ်းနီတစ်တင်းလျှင် ကျပ် ၆၂၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၅၈၀၀၀ တို့ဖြင့်ဝယ်ယူလျက်ရှိကြောင်း မကွေးမြို့ပေါ်ရှိ ပွဲရုံများမှသိရသည်။ ဒီနှစ်က နှမ်းစျေးကောင်းနေတဲ့အတွက် တောင်သူတွေ နှမ်းသီးနှံကို အဓိကထားစိုက်ပျိုးကြတယ်။ စိုက်ပျိုးချိန်ကဆို မျိုးနှမ်း (စမုန် နက်) တစ်တင်းကို ကျပ် ၁၀၅၀၀၀ စျေးအထိပေးဝယ်ပြီးစိုက်ခဲ့ရတယ်။ နှမ်းတစ်ဧကကို မျိုးစေ့၊ မြေဩဇာဖိုး၊ အလုပ်သမားစရိတ်တွေနဲ့ဆို ကျပ်နှစ်သိန်းလောက် ကုန်ကျတယ်။ ဒါပေမဲ့ နှမ်းစျေးကကောင်းနေတော့ တစ်ဧက ၁၀ တင်း လောက်ထွက်ရင်တောင် အဆင်ပြေပါတယ်။ ရိတ်သိမ်းချိန်မှာ မိုးဆက်တိုက်ရွာနေတာကတော့ နှမ်းအထွက်နှုန်း သေချာပေါက်လျော့နည်းနိုင်ပါတယ်ဟု မကွေးမြို့နယ် ကြာကန်ကျေးရွာနေ နှမ်းတောင်သူကြီး ဦးဝင်းမောင်ကရှင်းပြသည်။

**Source:** https://myanmar.mmtimes.com/news/127542.html

## ပြည်တွင်းပြည်ပဝယ်လိုအားကြောင့် မန္တလေးစျေးကွက်တွင် တောင်သူများစိုက်ပျိုးရန်အတွက် မျိုးပဲကြီးသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၀၂၀၀၀ အထိ ပေးဝယ်နေရ



ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် မန္တလေးစျေးကွက်တွင် တောင်သူများစိုက်ပျိုးရန်အတွက် မျိုးပဲကြီးသုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၂၀၀၀ အထိ ပေးဝယ်နေရကြောင်း မန္တလေးမြို့ ပဲကုန်သည်များထံမှသိရသည်။ မန္တလေးကုန်စည်ဒိုင်မှာ အမြင့်ဆုံးအစက ကျောက်တွင်း ပဲကြီးထိပ်စ၊ မျိုးသမားဝယ်တာ တစ်အိတ်ကို ကျပ် ၁၀၂၀၀၀၊ အရေအတွက်များများတော့ မဟုတ်ဘူး။ တစ်ယောက်ကို အိတ် ၂၀ လောက်ဝယ်ကြတယ်။ ပြည်တွင်းသုံး ပဲလှော်ပဲ ပဲကြီးစျေးက ကျပ် ၈၅၀၀၀ ကနေ ၉၀၀၀၀ ကြားစျေးရှိတယ်။ နောက်ပဲကြီး ကြော်နဲ့ ပဲစျေးက တစ်သိန်းငါးထောင်စျေးရှိတယ်။ အခုရက်ပိုင်း မူဆယ်ဘက်က အဝယ်မရှိသေးဘူး။ ကျောက်ကြီး ပဲကြီးအကောင်းက တစ်သိန်းတစ်သောင်း၊ စျေးကလည်း ပြည်တွင်းသမားတွေဝယ်တယ်။ ဒီနှစ်အနေနဲ့ ပဲကြီးစျေးက စျေးကောင်းရတယ်လို့ ပြောရမှာပဲ။ မနှစ်က ပဲဟောင်းလက်ကျန်ရှိခဲ့ပြီး စျေးမကောင်းဘူး။ ဒီနှစ်က စပေါ်ကတည်းကရင် တရုတ်လိုင်း၊ ရန်ကုန်လိုင်း၊ မြဝတီလိုင်းအပြိုင်ဝယ်ကြတော့ စျေးကောင်းရတယ်လို့ ပြောရမှာပေါ့။ အခုပစ္စည်းက လှောင်သမားတွေလက်ထဲမှာ ပစ္စည်းကျန်သေးတယ်။ နောက်ပိုင်းအခြေအနေက ဘယ်လိုလာမလဲ မသိဘူးဟု မန္တလေးမြို့ပွဲစား ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကပြောကြားသည်။ ပြည်တွင်းရှိ ပဲကြော်၊ ပဲလှော်ဖိုများက ပဲကြီးကို ကြော်လှော်၍ ခေတ်မီထုပ်ပိုးနည်း စနစ်များဖြင့် ရန်ကုန်မှတစ်ဆင့် နိုင်ငံတကာသို့ တွင်ကျယ်စွာ တင်ပို့ရောင်းချနေကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ပဲကြီးကို အညာဒေသများဖြစ်သည့် မကွေး၊အောင်လံ၊ ပျော်ဘွယ်၊ ရမည်းသင်း၊ မိတ္ထီလာ၊ မြင်းခြံ၊ မုံရွာ

နှင့်ပခုက္ကူတို့တွင် အဓိကစိုက်ပျိုးကြပြီး ဧရာဝတီမြစ်ကမ်းဘေးရှိ ကျွန်းမြေများပေါ်တွင်လည်း စိုက်ပျိုးကြသည်။ ပဲကြီးကို စက်တင်ဘာလမှစပြီး ဆောင်းသီးနှံအဖြစ်စိုက်ပျိုးကြကာ ဇန်နဝါရီလကုန်ပိုင်းတွင် စတင်ထွက်ရှိလာပြီး ဧပြီလအတွင်း၌ လှိုင်လှိုင်ပေါ်ထွက်လေ့ရှိကြောင်းနှင့် လက်ရှိအချိန်တွင် လက်ကျန်နည်းပါးလာနေပြီဖြစ်ကြောင်းသိရသည်။ မန္တလေး ကုန်စည်ဒိုင်ဈေးကွက်တွင် ပဲစင်းငုံ အနီ ၂၀၁၇ အဟောင်းကို ကျပ် ၈၅၀၀၀ ဈေးအဝယ်ရှိပြီး ၂၀၁၉ အဟောင်း ကို ကျပ် ၉၀၀၀၀ အဝယ်ရှိကြောင်း၊ မတ်ပဲအား လတ်တလောတွင် ပြည်တွင်းပဲခွဲစက်သမားများက ဝယ်ယူနေပြီး ပစ္စည်းအရည် အသွေးပေါ်မူတည်ကာ ကျပ် ၇၀၀၀၀ဈေးမှ ကျပ် ၇၅၀၀၀ အထိရှိကြောင်း ဈေးကွက်အတွင်းမှသိရသည်။

မန္တလေးကုန်စည်ဒိုင်တွင် မူဆယ်လမ်းပိုင်း အခြေအနေမကောင်းခြင်းနှင့် ရာသီဥတုကြောင့် မိုးမိပြီး နှမ်းအရည်အသွေး ကျဆင်းခြင်းကြောင့် နှမ်းဈေးအေးနေကြောင်း၊ စမုန်နှမ်းထိပ်စ ကျပ်၂၇၀၀၀၀ ဈေးရှိပြီး၊ နှမ်းဖြူ ကျပ် ၁၅၀၀၀၀ ဈေးရှိကြောင်း၊ ပဲတီစိမ်းမှာ ကျပ် ၉၆၀၀၀ ရှိပြီး မြေပဲဆန်မှာ တရုတ်သို့တင်ပို့ရန် ပစ္စည်းလက်ကျန်မရှိဖြစ်နေကြောင်းသိရသည်။

**Source:** https://news-eleven.com/article/131027

## မန္တလေး-မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း မူဆယ်ဘက်ခြမ်းကုန်တင်ယာဉ်စီးရေ ထောင်ချီပိတ်မိ လုပ်ငန်းများရပ်ဆိုင်းလျက်ရှိ



မန္တလေး-မူဆယ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှာ ဩဂုတ် ၁၅ ရက်မှစတင်ပြီး မြောက်ပိုင်းလက်နက်ကိုင် တပ်ဖွဲ့များနှင့် တိုက်ပွဲများဖြစ်ပွားနေ၍ ပြည်ထောင်စုလမ်းမကြီး ပိတ်နေသည့်အတွက် မူဆယ်ဘက်ခြမ်း ၌ သွင်းကုန်တင်ဆောင်ထားသည့် ယာဉ်စီးရေ ထောင်ချီပိတ်မိနေပြီး သွင်းကုန်/ထုတ်ကုန်လုပ်ငန်းများ ရပ်ဆိုင်းနေကြောင်း သိရသည်။

တရုတ်ပြည်မှ မြန်မာနိုင်ငံအတွင်းတင်သွင်းမည့် သွင်းကုန်တင်ဆောင်ထားသည့် ကုန်တင်ယာဉ်များမှာ မူဆယ်မြို့ ၁၀၅ မိုင်နှင့် ကျယ်ဂေါင်ကားကွင်းတို့တွင် ကုန်တင်ယာဉ်အစီးရေ ၁၀၀၀ ကျော်မှာ ထွက်ခွာနိုင်ခြင်းမရှိဘဲ ရပ်နားထားရသည်မှာ ၁၁ ရက် ရှိပြီဖြစ်ကြောင်း မူဆယ်မြို့ သွင်းကုန်/ထုတ်ကုန် အေဂျင်စီတစ်ခုမှ ဒေါ်ချစ်ချစ်ကပြောဆိုသည်။ Export တွေလည်းမဝင်နိုင်ဘူး။ Import အတွက် ကုန်တွေတင်ထားပြီး မထွက်နိုင်လို့ သွင်းကုန်/ထုတ်ကုန်လုပ်ငန်းတွေ ရပ်ဆိုင်းနေရတယ်လို့ပြောနိုင်တယ်။ Export ကားတွေက ကွတ်ခိုင်၊ နမ့်ဖတ်ကာဘက်မှာရပ်ထားပြီး Import ကားတွေက မူဆယ်ဘက်မှာ အများကြီး ရပ်ထားရတယ်။ သွင်းကုန်တင်ထားတဲ့ ကားတချို့ မနေ့ကထွက်သွားပြီး လမ်းမပွင့်သေးလို့ ပြန်တက်လာရတယ်ဟု ၎င်းက ပြောဆိုသည်။

ဩဂုတ် ၂၅ ရက်ညနေပိုင်းက ကွတ်ခိုင်မှလမ်းဖွင့်ပေးလိုက်သော်လည်း နမ့်ဖတ်ကာ အရောက်တွင် ဆက်လက်ထွက်ခွာခွင့် မပြုခဲ့ကြောင်း၊ ၂၆ ရက်တွင် ကွတ်ခိုင်နှင့်ရှုခင်းသာအကြား လက်နက်ကိုင်များကပိတ်ဆို့ထားခြင်းနှင့် နမ့်ဖတ်ကာနှင့် မူဆယ်ကြားတိုက်ပွဲဖြစ်ပွားမှုကြောင့် ဖွင့်ပေးလိုက်သည့် ကွတ်ခိုင်ဂိတ်တွင် ဩဂုတ် ၂၆ရက် နံနက် ၁၁ နာရီက ပြန်လည် ပိတ်လိုက်ကြောင်းသိရသည်။ တိုက်ပွဲဖြစ်တဲ့ရက်ကစပြီး မူဆယ်မှာ ကုန်စည်စီးဆင်းမှုရပ်ထားတာပေါ့။ သစ်သီးဝလံက ရာသီချိန်မဟုတ်ဘူး။ တခြားကရေထွက်ပစ္စည်းတွေဖြစ်တဲ့ ကဏန်းတွေ၊ ငါးရှဉ့်တွေက လမ်းမှာပိတ်မိတော့ပျက်စီးကုန်တယ်။ သွင်းကုန်ပစ္စည်းတင်ပြီးသားတွေက ကုန်သွယ်ရေးစခန်းမှာ ပိတ်မိနေတယ်။ မတင်ရသေးတာတွေလည်းရှိတယ်ဟု မူဆယ်-နမ့်ခမ်းကုန်သည်ကြီးများအသင်းအမှုဆောင်အဖွဲ့မှ ဦးစိုင်းခင်မောင်ကပြောဆိုသည်။

တရုတ်ထုတ်ပစ္စည်း အခြေခံလူသုံးကုန်ပစ္စည်းများမှအစ ဆိုင်ကယ်၊ ကားပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးနှင့် သံထည်များ အထိ ပြည်တွင်းသို့နေ့စဉ်တင်သွင်းနေပြီး ပြည်တွင်းမှ တရုတ်သို့ပို့ကုန်များလည်း တင်ပို့နိုင်ခြင်းမရှိဘဲ ကုန်စည်စီးဆင်းမှု ရပ်တန့်လျက်ရှိကြောင်း၊ ပိတ်မိနေသည့် ယာဉ်မောင်း/ယာဉ်နောက်လိုက်များအား လူမှုကူညီရေးအသင်းများက စားသောက် ရေးကူညီပေးကြသည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးမှာ ယခင်ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက အမေရိကန် ဒေါ်လာ ၈၉၆ သန်းလျော့နည်းခဲ့ပြီး နှစ်နိုင်ငံနယ်စပ်ဖြစ်သည့် ကျင်ဆန်းကျောင်ဂိတ်(ဟိုလုံထွက်ပေါက်)နှင့် ဟိုဆောင် ဂိတ်နှစ်ခုကို တရားဝင်နယ်စပ်ဂိတ်အဖြစ် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/127533.html

## မြဝတီနယ်စပ် ကုန်သွယ်လမ်းကြောင်း ယာဉ်သွားလာမှု အခက်အခဲကြောင့် ထိုင်းကုန်တင်ယာဉ်များ မြဝတီဘက်သို့ ဝင်ရောက်ရန် ကြန့်ကြာနေကြောင်းသိရ



မြဝတီနယ်စပ် ကုန်သွယ်လမ်းကြောင်းပေါ်ရှိ ကော့ကရိတ်-ကျုံဒိုး- အိန္ဒူ-ဘားအံလမ်းပိုင်းတွင် ယာဉ်သွားလာမှု အခက်အခဲကြောင့် ထိုင်းကုန်တင်ယာဉ်များ မြဝတီဘက်သို့ဝင်ရောက်ရန် ကြန့်ကြာနေကြောင်းသိရသည်။ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံမှ သွင်းကုန်အများဆုံး တင်သွင်းသော နယ်စပ်စခန်းဖြစ်သလို ယခုနှစ်တွင် ထိုင်းနိုင်ငံဘက်သို့ မြန်မာ့ပြောင်းများ တင်ပို့ခွင့်ရခြင်းကြောင့် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ တင်သွင်းနေကြခြင်းဖြစ်ကြောင်းသိရသည်။

ယခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေမြင့်တက်မှုကြောင့် ဂျိုင်းပွန်တွန်းတံတားမှ ကုန်တင်ယာဉ်များသွားလာမရဘဲ ကိုးရက်ခန့်ရပ်နားခဲ့ရသည်။ ယခုအခါ ပွန်တွန်းတံတားမှ ကုန်တင်ယာဉ်များသွားလာ၍ရနေပြီဖြစ်သော်လည်း လမ်းသားမြေပျော့ခြင်း၊ လက်ရှိပြုပြင်နေသောလမ်းမှာလည်း ပြီးစီးမှုမရှိသေးခြင်းတို့ကြောင့် ကုန်တင်ယာဉ်များ အလှည့်နှင့်သွားလာနေရသလို ထိုင်းနိုင်ငံဘက်တွင်လည်း ချစ်ကြည်ရေးတံတားထိပ်မှ ခုံးကျော်တံတားကျော်သည်ထိ ကုန်တင်ယာဉ် ၇၀၀ ခန့် အလှည့်ကျရန် စောင့်ဆိုင်းနေရသည်ဟုဆိုသည်။ ကုန်သွယ်မှု ရပ်ဆိုင်းနေတာတော့မဟုတ်ပါဘူး။ အလှည့်ကျဖို့စောင့်နေရတာပါ။ ယာဉ်တန်းကတော့ မြင်တဲ့အတိုင်းပါပဲ။ တစ်မိုင်ကျော်လောက်ကို ရှည်လျားနေပါတယ်ဟု ကုန်တင်ယာဉ်မောင်းတစ်ဦးကပြောကြားသည်။

မြဝတီနယ်စပ်ကုန်သွယ်လမ်းကြောင်းတွင် ယာဉ်သွားလာရေးခက်ခဲခြင်းကြောင့် ကုန်တင်ယာဉ်များအား ပုံမှန်လမ်းဖြစ်သည့် ကော့ကရိတ်-ကျုံဒိုး-အိန္ဒူ-ဘားအံလမ်းမှ သွားလာစေသလို မြဝတီဘက်မှလာသော ယာဉ်ငယ်နှင့်အိမ်စီးကားများကို ကျုံဒိုး-ကျားကလေး-ဇာသပြင်လမ်းမှသွားလာရန်နှင့် မြဝတီသို့အလာကားငယ်များအား ပတ်လမ်းဖြစ်သော နဘူး-ပိုင်ကျုံ-ဘားအံလမ်းနှင့် ကျိုက်မရော-ချောင်းနှစ်ခွ-ကိုးတိုင်-ကော့ကရိတ်လမ်းတို့မှသာသွားလာကြရန် လမ်းဦးစီးဌာနက ညွှန်ကြားထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/130987

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပဧည့်သည် ယမန်နှစ်ကထက် ယခုနှစ် ရှစ်ရာခိုင်နှုန်းကျော် ပိုမိုဝင်ရောက်



ခရီးသွားဇုန် ခြောက်ဇုန်ခွဲထားသော စစ်ကိုင်းတိုင်းဒေသကြီးသို့ ပြည်တွင်းပြည်ပ ဧည့်သည်ဝင်ရောက်မှုသည် လွန်ခဲ့သည့်နှစ်ထက် ယခုနှစ် ရှစ်ရာခိုင်နှုန်းကျော် မြင့်တက်လာကြောင်း စစ်ကိုင်းတိုင်း ဟိုတယ်နှင့် ခရီးသွားဌာနဦးစီးမှူး ဦးအောင်သူဦးထံမှသိရသည်။ ၂၀၁၆ နဲ့ ၂၀၁၇ ခုနှစ် နှိုင်းယှဉ်ရင် ပြည်တွင်းပြည်ပခရီးသွား ဝင်ရောက်မှုက ၂၂ ရာခိုင် နှုန်းကျော် တိုးတက်တယ်။ ၂၀၁၇ နဲ့ ၂၀၁၈ ခုနှစ် နှိုင်းယှဉ်ရင် ၁၇ ရာခိုင်နှုန်းကျော် တိုးတက်တယ်။ ၂၀၁၈ နဲ့ ၂၀၁၉ ခုနှစ် နှိုင်းယှဉ်ရင် ရှစ်ရာခိုင်နှုန်းကျော် မြင့်တက်လာတယ်ဟု ဦးအောင်သူဦးကပြောဆိုသည်။

၂၀၁၈ ခုနှစ် စစ်ကိုင်းတိုင်းသို့ဝင်ရောက်သည့် ပြည်တွင်းဧည့်သည် ၉၆၀၀၀ ကျော်ရှိပြီး ၂၀၁၉ ခုနှစ်တွင် ပြည်တွင်း ဧည့်သည် ၁၄၀၀၀ ကျော်ရှိခဲ့ကာ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွင် ပြည်ပဧည့်သည် ၁၅၀၀၀ ကျော်စီ ဝင်ရောက်ခဲ့ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းအတွင်း ခရီးသွားလုပ်ငန်းများ တိုးတက်အောင်မြင်လာစေရန် မုံရွာဇုန်၊ စစ်ကိုင်းဇုန်၊ ရွှေဘိုဇုန်၊ ကသာဇုန်၊ ကလေးဇုန်နှင့် ခန္တီးဇုန်ဟူ၍ ခရီးသွားဇုန်ခြောက်ဇုန် ဖော်ဆောင်ထားသည်။

**Source:** https://myanmar.mmtimes.com/news/127579.html

## ဆန်နှင့်ပဲတင်ပို့မှုအတွက် နိုင်ငံတကာဈေးကွက်သစ်များရရှိထား

မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍတွင် အဓိကပို့ကုန်ဖြစ်သည့် ဆန်နှင့်ပဲအတွက် နိုင်ငံတကာဈေးကွက်ပိုမိုရရှိရေးကို ဆောင်ရွက်နေပြီး ဈေးကွက်သစ်များလည်းရရှိထားကြောင်း စီပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး

ဦးအောင်ထူးကပြောသည်။ ဩဂုတ်၂၇ ရက်တွင်ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ လယ်ယာထွက်ကုန် ထုတ်လုပ်သည့်တောင်သူများ၏ အကျိုးစီးပွားကာကွယ်ပေးနိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်းများကို လာရောက်ဖြေဆိုစဉ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ဆန်နှင့်ပတ်သက်၍ဈေးကွက်သစ်များအဖြစ် ဖိလစ်ပိုင်၊ မိုဇမ်ဘစ်နှင့်တရုတ်နိုင်ငံများသို့ ပင်လယ်ရေကြောင်းမှတင်ပို့မှုကိုထပ်မံရရှိထားပြီး ပဲတီစိမ်းနှင့်ပတ်သက်၍လည်း တရုတ်၊ ဗီယက်နမ်ဈေးကွက်တို့ကို ရရှိထား ပါတယ်ဟုဝင်းကပြောသည်။ ပြည်ပဈေးကွက်ခိုင်မာရေးအတွက် ထွက်ကုန်များတင်သွင်းမည့်နိုင်ငံများ၏ သတ်မှတ်ထား သည့် အရည်အသွေးစံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိရေးသည်လည်းအရေးကြီးကြောင်း ဒုဝန်ကြီးကပြောသည်။ မိမိနဲ့ ယှဉ်ပြိုင်ရောင်းချတဲ့နိုင်ငံတွေရဲ့ပို့ကုန်တွေ အရည်အသွေးစံချိန်စံညွှန်းတွေနဲ့ယှဉ်ပြိုင်နိုင်စွမ်းရှိမှသာ ဈေးကွက်ဟာခိုင်မာပြီး ဈေးကွက်သစ်တွေကိုလည်းပိုမိုထိုးဖောက်နိုင်မှာဖြစ်ပါတယ်ဟု ၎င်းကဆိုသည်။ ယင်းကဲ့သို့အရည်အသွေးကောင်းသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေးအတွက် မျိုးသန့်ခြံများ၊ တောင်သူအစုအဖွဲ့အလိုက်မျိုးစေ့ထုတ်အသင်းများ၊ ပုဂ္ဂလိက ကုမ္ပဏီများ၏ မျိုးကောင်းမျိုးသန့်များထုတ်လုပ်ရေးတို့ကိုဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်ဖြန့် ဖြူးပေးနေကြောင်းသိရသည်။

တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ပေးရေးဥပဒေအရ အခြေခံဈေးနှုန်းသတ်မှတ်ထားသည့် ကုန်စည်များသည် သတ်မှတ်ဈေးအောက် ရောက်ရှိနေပါက ဝယ်ယူရေးလုပ်ငန်းစီမံချက်များကို ထားရှိပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ ဥပဒေအရ ကောက်ပဲသီးနှံတွေ ရဲ့ကုန်ကျစရိတ်ဟာ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်းမှသာလျှင် နိုင်ငံတော်က ဝင်ရောက်စွက်ဖက်လို့ ရတာဖြစ်ပြီး အခုနှစ်အတွက် သတ်မှတ်ဈေးနှုန်းအောက်ရောက်သွားတဲ့ လယ်ယာထွက်ကုန်တွေကို ဝယ်ယူဖို့အတွက် ကျပ်ဘီလျံ ၁၅သန်းခန့် လျာထားပါတယ်ဟု ဦးအောင်ထူးကပြောသည်။

ဈေးကွက်နှင့်ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီတစ်ရပ်ကိုဖွဲ့စည်းထားရှိပြီး ပြည်တွင်း ဈေးကွက်နှင့်နိုင်ငံတကာဈေးကွက်အခြေအနေများကို လေ့လာစောင့်ကြည့်သုံးသပ်နေသည်ဟုဆိုသည်။ ဆန်စပါးကဏ္ဍ အတွက် ဆန်စပါးဈေးကွက်နှင့်ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းထားသည်။ ဒီကော်မတီကနေပြီးတော့မှ ဈေးနှုန်းအခြေအနေထုတ်လုပ်မှုအခြေအနေတွေကို စဉ်ဆက်မပြတ်လေ့လာသွားမှာဖြစ်ပြီးတော့ ဦးဆောင်ကော်မတီကို အခြေခံဈေးနှုန်းမည်မျှဖြစ်သင့်တာကိုအကြံပြုတင်ပြသွားရမှာဖြစ်ပါတယ်ဟု ဒုဝန်ကြီးကပြောသည်။

ပို့ကုန်များပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် အမျိုးသားပို့ကုန်ဗဟာဗျူဟာ ၂၀၁၅-၂၀၁၉ ကိုချမှတ်လုပ်ဆောင်ခဲ့ရာ ၂၀၁၈-၁၉ဘဏ္ဍာရေးနှစ် ဩဂုတ်လ ၁၆ရက်ထိ အဓိကပို့ကုန်များဖြစ်သည့် ဆန်နှင့်ဆန်ခွဲတန်ချိန် (၂ ဒသမ ၀၅)သန်း တန်ဖိုးအမေရိကန်ဒေါ်လာ (၆၂၂)သန်း၊ ပဲမျိုးစုံတန်ချိန် (၁ ဒသမ ၄)သန်း တန်ဖိုး အမေရိကန်ဒေါ်လာ (၈၉၀)သန်း၊ ပြောင်းတန်ချိန် (၁ ဒသမ ၄)သန်း တန်ဖိုးအမေရိကန်ဒေါ်လာ (၂၅၅)သန်း၊ ကွဲ့နွားအရှင် ကောင်ရေ (၂ ဒသမ ၇)သိန်း တန်ဖိုးအမေရိကန်ဒေါ်လာ(၃၂၆)သန်း၊ ဖရဲ သခွား သရက်သီး တန်ချိန်တစ်သန်း တန်ဖိုးအမေရိကန်ဒေါ်လာ (၁၁၇ ဒသမ ၉) သန်း၊ ချုပ်ပြီးအထည်တင်ပို့မှု အမေရိကန်ဒေါ်လာ (၄၁၁၄)သန်းထိ တင်ပို့ထားနိုင်ကြောင်း တရားဝင်စာရင်းဇယားများ အရသိရသည်။

**Source: The Myanmar Times**

https://www.facebook.com/dootcheck.aleksander/posts/2337667626486514

## နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ တောင်ကိုရီးယားသမ္မတ မြန်မာသို့လာရောက်မည်

တောင်ကိုရီးယားသမ္မတ Moon Jae-in ကတော့ လာမယ့်သီတင်းပတ်အတွင်း မြန်မာ၊ ထိုင်းနဲ့လာအိုနိုင်ငံတို့ကို လာရောက်ဖို့ရှိကြောင်းသိရပါတယ်။ ဒါဟာ တောင်ကိုရီးယားနဲ့ အာဆီယံနိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးရည်ရွယ်ချက် တစ်စိတ်တစ်ဒေသအဖြစ် လာရောက်ခြင်းဖြစ်တယ်လို့လည်းသိရပါတယ်။ တောင်ကိုရီးယား သမ္မတကတော့ လာမယ့် စက်တင်ဘာ ၃ ရက်မှာ မြန်မာသို့ရောက်ရှိလာမှာဖြစ်ပြီး နိုင်ငံတော်သမ္မတဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ တွေ့ဆုံဆွေးနွေးသွားမှာဖြစ်ပါတယ်။

၎င်းတို့ကတော့ နှစ်နိုင်ငံအကြား ရေရှည်ခိုင်မြဲပြီး အပြန်အလှန်အကျိုးဖြစ်စေမယ့် တိုးတက်မှုတွေရဖို့ ပူးပေါင်း ဆောင်ရွက်သွားနိုင်မယ့် ကိစ္စရပ်တွေနဲ့ပတ်သက်လို့ ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။ အလားတူ မြန်မာနိုင်ငံမှာ စီးပွားရေး လုပ်ငန်းတွေလုပ်ကိုင်မယ့် ကိုရီးယားလုပ်ငန်းကုမ္ပဏီတွေအတွက် စနစ်တကျအားပေးနိုင်ဖို့အတွက် ယခုခရီးစဉ်ကို ရည်ရွယ်တယ်လို့ အိမ်ပြာတော်ပြောခွင့်ရပုဂ္ဂိုလ် Ko Min-jung ထံကနေသိရပါတယ်။

**Source:** http://koreajoongangdaily.joins.com/n.../article/Article.aspx...

SFJ Strategy First Journal

## အရှေ့တောင်အာရှရဲ့လျှပ်စစ်ရောင်းဝယ်မှု ဗဟိုဌာနတစ်ခုဖြစ်လာရန် ထိုင်းရည်မှန်း

အရှေ့တောင်အာရှဒေသ လျှပ်စစ်ဓာတ်အား super-grid တစ်ခု ဖန်တီးမယ့် ဆယ်စုနှစ်များစွာကြာ အစီအစဉ်တစ်ရပ်ကို ထိုင်းအာဏာပိုင်တို့ စတင်ဖော်ဆောင်နေလျက်ရှိကြောင်းသိရပါတယ်။ တစ်ချိန်တည်းမှာလည်းပဲ ထိုင်းအနေနဲ့ အရှေ့တောင်အာရှဒေသရဲ့ အလယ်ဗဟိုမှာ လျှပ်စစ်ရောင်းဝယ်မှုဆိုင်ရာဗဟိုဌာန (အဓိကကျတဲ့တစ်ဆင့်ခံရောင်းဝယ်သူ) ဖြစ်လာရန် ဆန္ဒရှိနေတယ်လို့သိရပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ လာအိုဆီကနေဝယ်ယူတဲ့ လျှပ်စစ်ပမာဏကို သုံးဆတိုးဖို့ စီစဉ်နေပြီး ယင်းကို မလေးရှားဆီတစ်ဆင့် ပြန်လည်ရောင်းချဖို့ရှိကြောင်း ထိုင်းစွမ်းအင်မူဝါဒနဲ့ စီမံကိန်းရေးဆွဲရေးရုံးမှ ညွှန်ကြားရေးမှူးချုပ် WattanapongKurovat က ပြောပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ ယင်းရဲ့ကိုယ်ပိုင်အမျိုးသားကွန်ရက်အတွက် လာအိုဆီကနေ လျှပ်စစ်ပိုမိုဝယ်ယူသွားမှာဖြစ်ပါတယ်။ ယင်းနောက် ယင်းရဲ့အမျိုးသားကွန်ရက်မှာ ဓာတ်အားပိုလျှံလာမှာဖြစ်ပြီး ယင်းကနေတဆင့် မလေးရှား၊ ကမ္ဘောဒီးယား သို့မဟုတ် မြန်မာတို့ကို ပြန်လည်ရောင်းချလို့ရနိုင်တယ်လို့ Mr Wattanapong က ပြောသွားပါတယ်။ ဘာပဲဖြစ်ဖြစ် ဒေသရဲ့ ဓာတ်အားကွန်ရက်ရဲ့ ဗဟိုဌာန အလျင်အမြန်ဖြစ်လာအောင် ကျွန်တော်တို့ ကြိုးပမ်းနေပါတယ်လို့ ၎င်းကပြောသွားခဲ့ပါတယ်။

**Source:** https://www.bangkokpost.com/.../thailand-aims-to-be-southeast...

SFJ Strategy First Journal

## မှိုစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၄ ခုတွင် လုပ်ဆောင်မည်



မှိုစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၄ ခုတွင် စီမံကိန်းများ စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မှို မွေးမြူ၊ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ထံမှ သိရသည်။ အဆိုပါစီမံကိန်းကို ဂျာမဏီအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ) မှ ဆောင်ရွက်နေသည့် Sustainable Agricultural Development and Food Quality Initiative (SAFI) စီမံကိန်းမှ ပံ့ပိုးကူညီပေးခြင်းဖြစ်ကြောင်းသိရသည်။ မှိုကဏ္ဍမြှင့်တင်ဖို့အတွက် အခုလောလောဆယ် မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး (၄) နေရာက မှိုစိုက်ပျိုးထုတ်လုပ်သူတွေအတွက်လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေ လုပ်ပေးမယ်ဟု မှို မွေးမြူ၊ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအစုအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ကပြောသည်။ ယင်းဇရိယာ ၄ ခုမှ တောင်သူဦးရေ ၈၀ ခန့်ကို နည်းပညာ၊ မျိုး၊ စံပြစိုက်ခင်းများဖော်ဆောင်ကာ အရည်အသွေးကောင်းနှင့် ဈေးကွက်ကောင်းရရှိစေရန် ဖော်ဆောင်သွား မည်ဖြစ်ကြောင်းသိရသည်။

အဓိကတော့ အစားအသောက်ဘေးကင်းလုံခြုံရေးရယ်၊ မှို GAP လုပ်နိုင်ဖို့ရယ်အတွက် စံပြကွက်တွေကတော့ အခုနှစ်လအတွင်း စတင်ပြီးတော့ ဒီစံပြကွက်တွေကနေတစ်ဆင့် မြို့နယ်တွင်းက တစ်ခြားမှိုစိုက်ပျိုးတဲ့တောင်သူတွေကို နည်းပညာတစ်ဆင့် ပြန်ဖြန့်ပေးတဲ့ ပုံစံမျိုးနဲ့ လုပ်ဆောင်သွားမှာပါဟု ဦးတင်အောင်က ဆက်လက်ပြောသည်။ အဆိုပါစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် GIZ တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလအထိ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2405168639568618?__tn__=K-R

**Amiamyanmar**

## တရုတ်အစိုးရ၏ ကိုတာစနစ်ဖြင့် တစ်နှစ်တာသကြားတင်သွင်းမှုသတ်မှတ်ချက်ထွက်လာပြီးမှ ပြည်တွင်းထုတ်သကြားများတင်ပို့နိုင်မည်

တရုတ်အစိုးရ၏ ကိုတာစနစ် (အကောက်ခွန်သက်သာခွင့်) ဖြင့် တစ်နှစ်တာသကြားတင်သွင်းမှု သတ်မှတ်ချက်ထွက်လာပြီးမှ ပြည်တွင်းထုတ်သကြားများတင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ

အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးကပြောသည်။ တရုတ်ကို သကြားတန်ချိန် တစ်သိန်းကျော်တင်ပို့ဖို့ ကုမ္ပဏီတစ်ခုနဲ့ စာချုပ်ချုပ်ထားတာရှိတယ်။ ဒီလိုတင်ပို့ဖို့ဆိုရင် တရုတ်အစိုးရရဲ့ တစ်နှစ်ကို ဘယ်လောက်တင်သွင်းမယ်ဆိုတဲ့ တန်ချိန်ပမာဏဟာ အောက်တိုဘာလလောက်ဆိုရင် နိုင်ငံအလိုက် တိအကျပါလာတယ်။ မြန်မာအတွက် ဘယ်လောက်ပါမယ်ဆိုပြီး ပါရှိတယ်။ ဒီလိုထုတ်ပြန်ချိန်မှာ ကိုယ့်ဘက်ကအဆင်သင့်တင်ပို့နိုင်အောင် စာချုပ်ချုပ်ထားတာဖြစ်တယ်။ ဒီလိုတင်ပို့နိုင်ဖို့ဆိုရင် သူတို့ဆီက တာဝန်ရှိသူတွေ ဒီကသကြားစက်ရုံတွေကို လာရောက်စစ်ဆေးမယ်။ ပြီးရင်တင်ပို့လို့ရမှာဖြစ်တယ်ဟု ၎င်းကပြောသည်။

တရုတ်အစိုးရက ၂၀၁၉ ခုနှစ်အတွက် သကြားတန်ချိန် ၁၉ သိန်းကျော် တင်သွင်းမည်ဖြစ်ပြီး ၇၀ ရာခိုင်နှုန်းမှာ နိုင်ငံပိုင်ကုန်သွယ်မှု လုပ်ငန်းများအတွက်ဖြစ်ကြောင်းသိရသည်။ တရုတ်အစိုးရက သကြားတင်သွင်းခွင့်သတ်မှတ်ချက်အရ လျှောက်လွှာတင်သွင်းမည့်ကုမ္ပဏီများက နိုင်ငံပိုင်ကုန်သွယ်မှုလုပ်ငန်းစုဖြစ်ကာ နိုင်ငံအဆင့်လုပ်ဆောင်နေသည့် ဗဟိုစီးပွားရေးလုပ်ငန်းဖြစ်ရမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် သကြားကို ကိုတာစနစ်ဖြင့် တင်သွင်းခဲ့ဖူး (ကိုယ်စား လှယ်ဖြင့်တင်သွင်းမှုမပါဝင်) သည့် လုပ်ငန်းစုဖြစ်ရမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်၊ သကြားကြမ်းတန်ချိန် ၆၀၀ ကျော်နှင့်အထက် သို့မဟုတ် နှစ်စဉ်သကြားရောင်းချမှုပမာဏ ယွမ် ၄၅၀ မီလျံနှင့်အထက်ရှိသည့် သကြားထုတ်လုပ်သည့် လုပ်ငန်းစုဖြစ်ရမည်ဖြစ်သည့်အပြင် အဆိုပါသကြားများကိုအသုံးပြုကာ ကုန်ပစ္စည်းမျိုးစုံထုတ်လုပ်သည့် ကုမ္ပဏီလုပ်ငန်းစုဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ ထို့ပြင်စုစုပေါင်း ကိုတာပမာဏနှင့်ကိုက်ညီစွာ လျှောက်လွှာတင်ထားသည့် ကုမ္ပဏီများကိုသာ ကိုတာစနစ်ဖြင့်ခွဲဝေပေးမည်ဖြစ်ပြီး စုစုပေါင်းပမာဏနှင့် ကိုက်ညီမှုမရှိသော်လည်း ယခင်တင်သွင်းခဲ့ဖူးသည့် အထောက်အထားရှိပါက ဦးစားပေးရွေးချယ်မည်ဖြစ်ကြောင်း၊ လျှောက်လွှာတင်သွင်းသူ၏ ပြီးခဲ့သည့်နှစ်တင်သွင်းမှု အခြေအနေ၊ ထုတ်လုပ်နိုင်မှုစွမ်းအား၊ ရောင်းချမှုပမာဏနှင့် အခြားစီးပွားရေးလုပ်ငန်း အဆင့်အတန်းများကို ဖော်ပြနိုင်ရမည်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံက ကိုတာခွင့်ပြုချက်ဖြင့် တင်သွင်းလာသောသကြားများကို အကောက်ခွန် ၁၅ ရာခိုင်နှုန်း ကောက်ခံပြီး ကိုတာခွင့်ပြုချက်မပါရှိသော သကြားများတင်သွင်းမှုကို ၅၀ ရာခိုင်နှုန်းပုံမှန်ကောက်ခံကြောင်းသိရသည်။

တရုတ်အစိုးရက ပြည်တွင်းသကြားထုတ်လုပ်ငန်းများကို အကာအကွယ်ပေးရန်ရည်ရွယ်၍ သကြားတင်သွင်းမှုကို ကောက်ခံသည့် အကောက်ခွန်နှုန်းများကို ၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၁ ရက်အတွင်း ၈၅ ရာခိုင်နှုန်းဖြင့် အသီးသီးကောက်ခံရန်ပြင်ဆင်လျက်ရှိသည်။ ကိုတာစနစ်နဲ့ မြန်မာကပိုတင်ပို့နိုင်ဖို့ စီးပွားကူးသန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ စိုက်ပျိုးရေးဝန်ကြီးဌာနတို့ စုပေါင်းပြီးတော့ ကိုတာတန်ချိန်များများပေးဖို့ တောင်းဆိုထားတာရှိတယ်။ မြန်မာအတွက် နှစ်စဉ်ပေးမယ့်ခွဲတမ်းအတိုင်း ပိုရရှိဖို့လိုတယ်။ မြန်မာ့သကြားတွေကို တရုတ်ဝယ်မှအဆင်ပြေမယ်။ မဟုတ်ရင် လာမယ့်ဒီဇင်ဘာမှာ ကြံ့ကစထွက်တော့မှာဆိုတော့ ပြည်ပကို ထုတ်ရောင်းနိုင်ဖို့ အရေးကြီးတယ်။ တရုတ်က သကြားတစ်တန်ကို ကျပ် ၁၀ သိန်းပေးဝယ်တယ်။ ကုန်သည်တွေအတွက် လေး၊ငါးသိန်းလောက်မြတ်တယ်။ ဒါကြောင့် တရုတ်ကိုပဲ အားထားရောင်းချတာဖြစ်တယ်။ တခြားဈေးကွက်ကတော့ ဒီလောက်ဈေးပေးမှာမဟုတ်ဘူးဟု ဦးဝင်းဌေးကပြောသည်။ တရုတ်နိုင်ငံက ကျင့်သုံးခဲ့သည့်စနစ်အရ တရုတ်ဈေးကွက်ဝေစု သုံးရာခိုင်နှုန်းအောက် လျော့နည်းရရှိထားသည့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများက တရုတ်သို့ တင်သွင်းသော သကြားများသည် ထပ်တိုးအကောက်ခွန်နှုန်းများမှ ကင်းလွတ်ခွင့် ပြုထားကြောင်းသိရသည်။ ထို့ကြောင့် သကြားအနည်းငယ်သာတရုတ်သို့ တင်ပို့သည့် နိုင်ငံအများအပြားမှာ တင်ပို့မှုမြင့်တက်လာကြောင်းသိရသည်။ ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ သကြားထုတ်လုပ်မှုကျဆင်းသွားမည်ဖြစ်ကြောင်း၊ ထို့နောက်ပိုင်းခုနှစ် များတွင် ကြံထုတ်လုပ်မှုတည်ငြိမ်၍ သကြားစိုက်ဧကများ တဖြည်းဖြည်းချင်းပြန်လည်တိုးလာပြီး သကြားထုတ်လုပ်မှုအနေဖြင့် ၁ ဒသမ ၄၅ မီလျံ မက်ထရစ်တန်အထိ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ သကြားစားသုံးမှုမှာ ၁၅ ဒသမ ၈ မီလျံ မက်ထရစ်တန်အထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ တရုတ်အစိုးရက ပြည်တွင်းသကြားဈေးကွက်ကိုကာကွယ်ရန်နှင့် သဘာဝပတ်ဝန်းကျင်၊အစားအစာလုံခြုံမှုနှင့်စားသုံးသူများ၏ ကျန်းမာရေးတို့ကိုကိုင်တွယ်နိုင်ရန်မူဝါဒများဖြင့် ပြည်တွင်းဆေးသကြားထုတ်လုပ်မှုလုပ်ငန်းဖွံ့ဖြိုးလာမှုကို ကန့်သတ်လျက်ရှိကြောင်းသိရသည်။ မြန်မာ့ထွက်ကုန်သကြားများတင်ပို့လိုပါက တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ချမှတ်ထားသည့်လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြေညာချက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် တရုတ်အစိုးရ၏ သကြားတင်သွင်းမှုသတ်မှတ်ချက်တွင် လယ်ယာထွက်ကုန်များအတွက် သွင်းကုန်ထောက်ခံချက်လက်မှတ်ကိုအတုပြုလုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်လည်ရောင်းဝယ်မှုများပြုလုပ်ကြောင်းတွေ့ရှိရပါက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းဥပဒေများအတိုင်း စုံစမ်းစစ်ဆေးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သတင်း

အချက်အလက် မမှန်မကန်ဖြည့်သွင်းရေးသား၍ သွင်းကုန်ကိုလိမ်လည်ရယူပါက နှစ်နှစ်အတွင်းလျှောက်လွှာတင်သွင်းမှုကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ဟုသတ်မှတ်ထားကြောင်း ကုန်သည်များထံမှသိရသည်။

တရုတ်နိုင်ငံ၏ သကြားတင်သွင်းမှု စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းမှာ နိုင်ငံပိုင် ကုန်သွယ်မှုလုပ်ငန်းများအတွက်ဖြစ်ခြင်းကြောင့် မြန်မာ့သကြားလုပ်ငန်းရှင်များ သကြားပိုမိုတင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံပိုင်လုပ်ငန်းများနှင့် ချိတ်ဆက်သင့်ကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံ၏ သကြားဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက် အခက်ခဲများရှိနိုင်ကြောင်းသိရသည်။ ပြည်တွင်းကြံရာသီအလိုက်စိုက်ပျိုးမှုနှင့် သကြားထွက်ရှိမှုစာရင်းအရ ၂၀၁၄- ၂၀၁၅ ခုနှစ်က စိုက်ဧကပေါင်း ၄၄၀၀၀၀ကျော်၊ သကြားတန်ချိန် ၄၅၀၀၀၀ ခန့်၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စိုက်ဧကပေါင်း ၃၉၀၀၀၀ ကျော်၊ သကြားတန်ချိန် ၃၉၀၀၀၀ ကျော်၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စိုက်ဧက ၄၀၀ ၀၀၀ ကျော်၊ သကြား တန်ချိန် ၃၇၀၀၀၀ ကျော်၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် စိုက်ဧက ၄၀၀၀၀၀ ကျော်၊ သကြားတန်ချိန် ၅၀၀၀၀၀ ကျော်၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စိုက်ဧက ၅၀၀၀၀၀ နီးပါးရှိသည်။

၂၀၁၉-၂၀၂၀ ကြံရာသီကို ဒီဇင်ဘာလမှဧပြီလအတွင်း ငါးလတာသတ်မှတ်ထားကြောင်းသိရသည်။ လက်ရှိပြည်တွင်း၌ သကြားတန်ချိန် ခြောက်သိန်းခန့်ရှိနေကြောင်း၊ အဆိုပါသကြားများသည် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် ကြံရာသီအတွင်း ထုတ်လုပ်ထားသည့် တန်ချိန်ငါးသိန်းခန့်၊ ပြန်လည်တင်ပို့ကုန်စနစ်ဖြင့် ကျန်ရှိသည့်သကြားများအပြင် မြဝတီဘက်က မှောင်ခိုဝင်လာသည့်သကြားများကြောင့် စုပြုံနေခြင်းဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များက ပြည်တွင်း၌စုပြုံနေသည့်သကြားများ ပြည်ပတင်ပို့နိုင်ရန်ကြိုးပမ်းလျက်ရှိသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

www.thefarmermedia.com

## မန္တလေး-လားရှိုး-မူဆယ်လမ်းပိုင်း၌ ဖြစ်ပေါ်နေသော တိုက်ပွဲများကြောင့် မန်းကုန်စည်ဈေးကွက်၌ တရုတ်သို့တင်ပို့သည့် ပဲတီစိမ်းနှင့်နှမ်းမျိုးစုံဈေးကျဆင်းလာ

မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းပိုင်း၌ ဖြစ်ပေါ်လျက်ရှိသော တိုက်ပွဲအခြေအနေများကြောင့် ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံသို့ အဓိကတင်ပို့သည့် ပဲတီစိမ်းနှင့်နှမ်းမျိုးစုံဈေးနှုန်းများ မန္တလေးကုန်စည်ဈေးကွက်၌ကျဆင်းမှုရှိလာပြီး ယခင်လများကထက် အရောင်းအဝယ်အေးသွားကြောင်း ပဲကုန်သည်များနှင့်စက်ပိုင်များထံမှသိရသည်။ တရုတ်နိုင်ငံကို ကုန်စည်စီးဆင်းမှုကသိသိသာသာကျဆင်းသွားရာမှာ အရဲစွန့်သွားကြတဲ့ အဝေးပြေးကုန်တင်ကားကြီးတွေရှိ ပေမယ့် တန်ဆာခကဈေးကြီးနေတဲ့အတွက် ကုန်သည်တွေအနေနဲ့က လမ်းကြောင်းစိတ်ချရမှု အနေအထားကို စောင့်ကြည့်နေကြတယ်။ အခုလိုဈေးကွက်အေးနေတဲ့အချိန်မှာ လှောင်လက်သမားတွေက ပစ္စည်းအဝင်နည်းလာပြီဖြစ်တဲ့ ပဲတီစိမ်းတွေကို တစ်အိတ်ငွေကျပ်သုံးထောင်ကနေ ငါးထောင်အထိ ဈေးနှုန်းလျှော့ချဝယ်နေကြတယ်။ နှမ်းမျိုးစုံကတော့ ကုန်သည်အများစုက ဈေးလျှော့မရောင်းကြဘဲထိန်းထားပေမယ့် တရုတ်ဝယ်လက်တွေအကြိုက် နှမ်းနက်(စမုံ)ဆိုရင် သြဂုတ်ဒုတိယပတ်က ပေါက်ဈေးထက်ကို ငွေကျပ်ငါးထောင်ဝန်းကျင်နဲ့ တခြားနှမ်းဖြူနဲ့နှမ်းညိုတို့လဲ ဈေးအနည်းငယ်စီအသီးသီးကျဆင်းလာတယ်ဟု မန္တလေးပဲကုန်စည်ဒိုင်မှ ကုန်သည်ကြီးဦးသန်းထွန်းက သြဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

မန္တလေး-မူဆယ်လမ်းပိုင်း၌ ကုန်စည်စီးဆင်းမှုအခြေအနေကောင်းလာမှုနှင့် တန်ဆာခများကျဆင်းလာမှသာ ဈေးကွက်ပုံမှန်ဖြစ်ကာ အရောင်းအဝယ်များ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံမှအဓိကဝယ်ယူမှုရှိနေသည့် ပဲအမျိုးအစားများမှာ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ပုံမှန်တင်ပို့မှုရှိနေသည်။ ယခုရက်ပိုင်းဖြစ်ပေါ်လျက်ရှိသောကုန်စည်ဈေးနှုန်းများမှာ ကုလားပဲ(ထိုင်ဝမ်)တစ်အိတ်ကျပ် ၈၀၀၀၀၊ ကုလားပဲဖြူလုံးကြီး (ဗွီတူး)တစ်အိတ် ကျပ်၈၀၀၀၀၊ မတ်ပဲတစ်အိတ်ကျပ် ၇၅၀၀၀၊ ပဲစင်းငုံ(နီ) တစ်အိတ်ကျပ် ၉၁၀၀၀၊ ပဲတီစိမ်း(ခရမ်း) တစ်အိတ် ကျပ်၁၁၃၀၀၀၊ ပဲကြီးတစ်အိတ် ကျပ် ၁၁၀၀၀၀၊ ပဲထောပတ်တစ်အိတ်ကျပ် ၁၀၂၀၀၀၊ နှမ်းဖြူ(ဂျပန်) တစ်အိတ်ကျပ် ၁၆၀၀၀၀၊ နှမ်းညိုတစ်အိတ် ကျပ်၁၃၅၀၀၀၊ နှမ်းနက်(စမုံ) တစ်အိတ် ကျပ် ၂၆၈၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်းသိရသည်။

**Source: KSA/Democracytoday**

https://yangonmedia.com/business/%e1%80%99%e1%82%8f%e1%81%b1%e1%80%b1%e1%80%9c%e

## နှမ်းနက်တင်းပေါင်း ခြောက်သောင်းကျော်ရောင်းချနိုင်ရန် ကုန်သည်တချို့နှင့်ဆွေးနွေးထား

မကွေးတိုင်းဒေသကြီးမှ GAP ဖြင့်စိုက်ပျိုးထားရှိသည့် နှမ်းနက်တင်းပေါင်းခြောက်သောင်းကျော်ကို ပြည်တွင်း၊ ပြည်ပသို့ ရောင်းချနိုင်ရန်အတွက် ကုန်သည်များနှင့်တွေ့ဆုံဆွေးနွေးထားကြောင်းသိရသည်။ မန္တလေးဝယ်လက်က ၃ ယောက်

သူတို့က တရုတ်နိုင်ငံပို့ဖို့၊ ရန်ကုန်ဝယ်လက် ၃ ယောက်က ဂျပန်ပို့ဖို့နဲ့ အောက်လံဘက်ကတစ်ဦးတို့နဲ့ တွေ့ဆုံဆွေးနွေးထားတယ်ဟု မကွေးတိုင်း တောင်သူဖွံ့ဖြိုးရေး အဖွဲ့အစည်းမှ အတွင်းရေးမှူး ဦးစိုးလွင်အေးကပြောသည်။

Grade A အဆင့် နမ်းနက်မှာ တစ်တင်းလျှင် လက်ရှိဒေသတွင်း ပေါက်ဈေးထက် ငါးထောင်ကျပ် ပိုမိုရရှိမည် ဖြစ်သလို၊ Grade B အဆင့် တစ်တင်းလျှင် သုံးထောင်ကျပ်နှင့် Grade C အဆင့် တစ်တင်းလျှင် နှစ်ထောင် ကျပ်နှုန်း အသီးသီးတို့ဖြင့် ရောင်းချနိုင်ရန် ဆွေးနွေးထားကြောင်းသိရသည်။ လတ်တလောမှာတော့ တင်းခြောက်သောင်းလုံးက ဂိုထောင်ထဲ မရောက်သေးတာကြောင့် ဒီဆွေးနွေးထားတဲ့ဈေးတွေကို ပစ္စည်းကြည့်ပြီးမှအတည်ပြုပေးဖို့တော့ ကုန်သည်တွေဘက်က ပြောထားတယ်ဟု ဦးစိုးလွင်အေးက ဆက်လက်ပြောသည်။ လာမည့် စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာလကုန်ပိုင်း အထိ နမ်းနက်များကို ဂိုထောင်အတွင်း သိုလှောင်သိမ်းဆည်းကာ ကုန်သည်များကိုခေါ်ယူပြသ၍ ဈေးအတည်ပြုကာ ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် မကွေးတိုင်းဒေသကြီး ဈေးကွက်အတွင်း နမ်းနက်တစ်တင်းလျှင် ကျပ် ကိုးသောင်းကျော်ဈေးရှိနေကြောင်း ကုန်စည်ဒိုင်များထံမှသိရသည်။

**Source:** https://www.facebook.com/amiamyanmar/

## မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် (IFC)တို့မှ ဘဏ်လုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရန် သဘောတူလက်မှတ်ရေးထိုးခြင်း

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင် ပြည်သူပိုင်ဘဏ်တစ်ခုဖြစ်သော မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် ကမ္ဘာ့ဘဏ်၏အဖွဲ့ဝင်ဖြစ်သော အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်း (IFC-International Finance Coorporation) တို့မှ လာမည့် ၃ နှစ်တာကာလအတွင်းဘဏ်၏ လုပ်ကိုင်ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်စေရေးအတွက် အကြံပေးအတိုင်ပင်ခံ ဝန်ဆောင်မှုများအတွက် နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်ရေးထိုးပွဲကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် (Yangon Stock Exchange-YSX) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ သဘောတူညီချက်အောက်၌ မြန်မာနိုင်ငံသားများဘဏ်၏ လုပ်ငန်းရည်ရွယ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြု၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အား ပြီးမြောက်စေရန်အတွက် IFC သည် မြန်မာနိုင်ငံသားများဘဏ်နှင့်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ခေတ်မီဆန်းသစ်သော ဝန်ဆောင်မှုများကို ပြည်သူများအားပေးနိုင်သည့် Customer များ အလေးထား ရွေးချယ်သော ဘဏ်တစ်ခုဖြစ်လာစေရေး၊ ဘဏ်ခွဲများနှင့်ကွန်ရက်များအား တိုးချဲ့ခြင်း၊ ငွေကြေးနှင့်ဆုံးရှုံးနိုင်ခြေဆိုင်ရာစီမံခန့်ခွဲမှုများ၊ လုပ်ငန်းဆောင်ရွက်ချက်များကို အဆင်ပြေချောမွေ့စေရန် မြှင့်တင်အကောင်အထည်ဖော်ခြင်းများအား အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2621510121269597?__tn__=K-R

**SFJWeekly**

## ကုန်သွယ်ရေးတင်းမာနေစဉ် တရုတ်ယွမ်ငွေတန်ဖိုး အနိမ့်ဆုံးကျဆင်း

အမေရိကန်နှင့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားနေခြင်းကြောင့် အလားအလာရှိသည့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေး ကျဆင်းမှုအပေါ် စိုးရိမ်မှုများဖြစ်ပေါ်နေစဉ် တရုတ်နိုင်ငံသုံးငွေ ယွမ်တန်ဖိုးသည် ဩဂုတ် ၂၆ ရက်တွင် ၁၁ နှစ်တာကာလအတွင်း အနိမ့်ဆုံးကျဆင်းသွားသည်။ ယွမ်ငွေနှင့်အမေရိကန်ဒေါ်လာ လဲလှယ်မှုနှုန်းထားမှာ ၇ ဒသမ ၁၄၈၇ သာရှိပြီး အာရှကုန်သွယ်မှုတွင် ၂၀၀၈ ခုနှစ် အစောပိုင်းကတည်းက တန်ဖိုးအနည်းဆုံးကျဆင်းသွားခြင်းဖြစ်သည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ၎င်းတို့၏ပို့ကုန်များအပေါ် အပြန်အလှန်အခွန်တိုးမြှင့်ကောက်ခံခြင်းနှင့်အတူ မကြာသေးမီရက်များအတွင်း ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတင်းမာမှုများ ပိုမိုပြင်းထန်လာပြီး အမေရိကန်စီးပွားရေးလုပ်ငန်းများ တရုတ်နိုင်ငံအတွင်းမှ ထွက်ခွာကြရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တိုက်တွန်းထားသည်။

မကြာသေးမီ သီတင်းပတ်များအတွင်း ယွမ်ငွေလဲလှယ်မှုနှုန်းထားအား တဖြည်းဖြည်းတန်ဖိုးချခြင်းကို တရုတ်ပြည်သူ့ဘဏ်ကသတ်မှတ်ခဲ့ပြီး ဩဂုတ် ၂၆ ရက်တွင် အမေရိကန်ဒေါ်လာနှင့်လဲလှယ်မှုနှုန်းထားကို ၇ ဒသမ ၀၅၇ အထိ သတ်မှတ်လိုက်သည်။ ယင်းသို့ ယွမ်ငွေတန်ဖိုးကျဆင်းခြင်းကြောင့် တရုတ်ပို့ကုန်များ ဈေးနှုန်းချိုသာခြင်းကိုဖြစ်ပေါ်စေပြီး အမေရိကန်၏ အခွန်တိုးမြှင့်ကောက်ခံခြင်းသည် ဝန်ထုပ်ဝန်ပိုးအချို့ကိုလျော့ကျစေသည်။

**Source:** https://www.facebook.com/standardtimedaily/

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 28th Aug. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 11,500 | 561 | 6,731,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,000 | 6,885 | 28,168,500 | 38,929,150 | 159,610 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,200 | 8,300 | 8,200 | 150 | 1,238,000 | 10,400,986 | 86,328 |
| FPB | 00004 | 25,000 | +0 | +0.00% | 25,000 | 25,000 | 25,000 | 156 | 3,900,000 | 2,472,053 | 61,801 |
| TMH | 00005 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,050 | 2,207 | 6,731,350 | 12,823,224 | 39,111 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 490.90 | -0.47 | -0.10% | 490.90 | 490.90 | 478.16 | 9,959 | 46,768,850 | 5 | 672,203 |

### Index chart




## Market Overview

As of 1:00 pm, 28th Aug. 2019

| MYANPIX | 490.90 ▼0.47 |
|---|---|
| Total Volume (shares) | 9,959 |
| Total Value (MMK) | 47 mil |
| Listed Company | 5 |
| Market Cap. (MMK) | 672,203 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,100 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 25,000 | ▲ 0 |
| TMH | 00005 | 3,050 | ▼ 50 |